# အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဥပဒေ

# အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဥပဒေ

[ ၁၉၈၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၀ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

# အခန်း (၁)

## အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဥပဒေ ဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ချက်ချင်းအာဏာတည်ရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) အဖွဲ့ ဆိုသည်မှာ ဤဥပဒေဖြင့် ဖွဲ့စည်းသော အမျိုးသားထောက်လှမ်းရေးအဖွဲ့ကို ဆိုသည်၊

(ခ) ထောက်လှမ်းရေးအဖွဲ့အစည်း ဆိုသည့် စကားရပ်တွင် ထောက်လှမ်းရေးကို အကူပြုသည့် အဖွဲ့အစည်းလည်း ပါဝင်သည်။

## အခန်း (၂)

## ဖွဲ့စည်းခြင်း

၃။ ဝန်ကြီးဌာနအသီးသီးရှိ ထောက်လှမ်းရေး အဖွဲ့အစည်းများကို ညှိနှိုင်းကာ ညီညွတ်သော ဦးဆောင်မှုဖြင့် အခြေခံဥပဒေနှင့် အညီ လုပ်ငန်းတာဝန်များကို ပို မို ထိ ရောက် စွာ ထမ်းဆောင်နိုင်စေရန် အမျိုးသားထောက်လှမ်းရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၄။ အဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်—

(က) ဝန်ကြီးချုပ် .... ဥက္ကဋ္ဌ

(ခ) ဝန်ကြီး .... အဖွဲ့ဝင်
ကာကွယ်ရေး ဝန်ကြီးဌာန

(ဂ) ဝန်ကြီး .... အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဃ) ဝန်ကြီး .... အဖွဲ့ဝင်
ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး ဌာန

(င) ဝန်ကြီး .... အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

၅။ အဖွဲ့ဝင် ဝန်ကြီးများသည် အဖွဲ့၏ အတွင်းရေးမှူး တာဝန်ကို အလှည့်ကျဆောင်ရွက်ရမည်။

၆။ (က) အောက်ဖော်ပြပါ ဝန်ကြီးဌာနများ၏ လက်အောက်တွင် ရှိသော ထောက်လှမ်းရေး အဖွဲ့အစည်းများသည် အမျိုးသားထောက်လှမ်းရေးအဖွဲ့၏ တိုက်ရိုက်လမ်းညွှန်မှုကို ခံယူကြရမည်—

(၁) ကာကွယ်ရေး ဝန်ကြီးဌာန၊

(၂) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊

(၃) ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊

(၄) နိုင်ငံခြားရေးဝန်ကြီးဌာန၊

(၅) ထောက်လှမ်းရေး အဖွဲ့အစည်း တစ်ရပ်ရပ်ကို အခါအားလျော်စွာ ဖွဲ့စည်းသော အခြားဝန်ကြီးဌာန၊

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသော ထောက်လှမ်းရေး အဖွဲ့အစည်းများသည် ပုဒ်မ ဂ ပုဒ်မခွဲ (က) ပါအတိုင်း မိမိနှင့် သက်ဆိုင်သော ဝန်ကြီးဌာနများကိုလည်း တာဝန်ခံရမည်။

၇။ အမျိုးသားထောက်လှမ်းရေးအဖွဲ့သည် —

(က) အရေးကြီးသော ကိစ္စရပ်များကို နိုင်ငံတော်သမ္မတ နှင့် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးထံ တင်ပြ၍ အဆုံးအဖြတ် ရယူရမည်၊

(ခ) သာမန်ကိစ္စရပ်များကို အဆုံးအဖြတ်ပေးနိုင်သည်၊

(ဂ) လုပ်ငန်းဆောင်တာ များ ကို ဆောင် ရွက် စေ နိုင် ရန် လိုအပ်သော အမိန့်များနှင့် ညွှန်ကြားချက် များ ကို ထုတ်ပြန်နိုင်သည်။

# အခန်း (၃)

## အစီရင်ခံခြင်း

၈။ (က) ထောက်လှမ်းရေး အဖွဲ့အစည်းများသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အမျိုးသားထောက်လှမ်းရေး အဖွဲ့ထံသို့ အစီရင်ခံကြရမည်၊

(ခ) အမျိုးသားထောက်လှမ်းရေး အဖွဲ့သည် အစီရင်ခံစာများကို အကျဉ်းချုပ်၍ သုံးသပ်ချက်နှင့်အတူ နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးထံ တင်ပြရမည်။ လိုအပ်ပါက သက်ဆိုင်သည့် အာဏာပိုင် အဖွဲ့အစည်းသို့သာ ပေးပို့ရမည်။

# အခန်း (၄)

## အထွေထွေ

၉။ အောက်ပါဥပဒေတို့ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်—

(က) အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဥပဒေ (၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၇)၊

(ခ) အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၁၉၇၇ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၈)။



ပ၊စ၊က/၁၄၂၀၀၉/လွှတ်တော်/၅,၀၀၀+၂၀/၈၄/ဝလ။